# တလိုင်းစုကျေးရွာ
# ပန်းတနော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တလိုင်းစုကျေးရွာ၊ပန်းတနော်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ စက်တင်ဘာလ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **တလိုင်းစုကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွန်ပြပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့** | ၃ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၈ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း | |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ တလိုင်းစုကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ် ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက် အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ် များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို

အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၁၉ ခုနှစ်<br>
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>
တလိုင်းစုကျေးရွာ<br>
ပန်းတနော်မြို့နယ်

# တလိုင်းစုစကျေးရွာ သယံဇာတပြမြေပုံ၊ ပန်းတနော်မြို့



# တလိုင်းစုကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်



ကျုံတုံးကလေးကျေးရွာအုပ်စု၊ တလိုင်းစုကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ( Venn Diagram )



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇) မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့ နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျှက်ရှိပါသည်။

တလိုင်းစုကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ကျုံတုံး ကလေးကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့် (၁၀) မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ ကြွက်နီကုန်းကျေးရွာ၊ အစုကြီးကျေးရွာ၊ကျောင်းဆိပ်ကျေးရွာ၊ ဆပ်သေကျေးရွာအုပ်စု အညာစုကျေးရွာ ၊ ကျုံတုံးကလေး (ဘုရားကြီးဘတ်) ကျေးရွာနှင့် အင်းမ ကျေးရွာများတို့ ဖြစ်ပါသည်။ တလိုင်းစုကျေးရွာသည် လယ်လုပ်ငန်း အဓိက လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားလုပ်ငန်း များကိုလည်း အနည်းငယ် လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန် ၂၉.၂၂°C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇°C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

တလိုင်းစုကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှုမှာ သဲ ကို ချောင်းမြောင်းတွင် ထုတ်ယူရရှိပါသည်။ သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့် ကုလားပင်စိမ်း စသည့်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသ တစ်ခုလည်း ဖြစ်ပါသည်။ လယ်ယာမြေ

အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန် သည်။ တောင်သူအားလုံးမှာ အဝီစိတွင်းရေဖြင့် လယ်မြေဧက (၂၁၀) ခန့်ကိုသာ ရေသွင်း စိုက်ပျိုးနိုင်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၂၁၀)ဧက ရှိပြီး စပါး၊ ငရုတ်နှင့် ပဲများကို အဓိက စိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား-၂၀)ဦး၊ ဂေါပကအဖွဲ့ (ကျား-၁၀၊မ-၃)ဦး၊ ပရဟိတအဖွဲ့ (ကျား-၁၅၊မ-၈)ဦး တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/ သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီနှံ စိုက်ပျိုးရေး

တလိုင်းစုကျေးရွာတွင် ၂.၅ ဧအောက် ဆင်းရဲသားတောင်သူ(၁၄)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ဧက ကြားရှိ တောင်သူငယ်(၃၆)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြားရှိ တောင်သူလတ်(၂၈) အိမ်ထောင်စု၊ ၁၂.၅ဧက အထက်ရှိ တောင်သူကြီး (၁၂)အိမ်ထောင်စု စသည်တို့ ရှိကြသည်။ အဓိအားဖြင့် စပါး ၊ ငရုတ်နှင့် ပဲများ အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စု များသည် (၅၀)အိမ်ထောင်စုခန့်ရှိပြီး အများစုသည် နေ့စား/ကျပန်းအဖြစ် လုပ်ကိုင် စားသောက် ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ အဝီစိတွင်းမှ ရရှိသော ရေကို အဓိက အသုံးပြု၍ စိုက်ပျိုးရေးလုပ်ကိုင်ကြပြီး အဝီစိတွင်းနှင့် ဝေးကွာသည့် လယ်မြေဧကများတွင် ရေလုံလောက်စွာ မရရှိသဖြင့် သီးနှံအထွက်နှုန်းမှာ (၅၀)ရာခိုင်နှုန်းလောက်သာ ရရှိပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်းစက်(၈)စီး၊ ခြွေလှေ့စက်(၁)စီး၊ ရေစုပ်စက်(၆၂)လုံးနှင့်မြတ်ရိတ်စက်(၅)လုံးရှိပြီး ငှားရမ်းလုပ်ကိုင်ကြသော တောင်သူများလည်း ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့်ဓါတ်တုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း အင်းမဈေး တွင်

ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှ တဆင့်သော်လည်းကောင်း၊ ရောင်းချနိုင်ကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စုမှာ (၁၀) အိမ်ထောင်စုရှိပြီး နွားကောင်ရေ (၂၅)ကောင်၊ မြင်းမွေးမြူထားသည့် အိမ်ထောင်စုမှာ(၁)အိမ်ထောင်စုရှိပြီး မြင်းကောင်ရေ (၂)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၂၅) အိမ်ရှိပြီး ဝက်ကောင်ရေ(၃၉)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၆၆)အိမ်ရှိပြီး ကြက်ကောင်ရေ (၇၅၇)ကောင်၊ ဘဲမွေးမြူ ထားသည့် အိမ်ထောင်စု(၂၀)အိမ်ရှိပြီး ဘဲကောင်ရေ(၁၂၃)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

တလိုင်းစုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ စျေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်အငှါးလိုက် အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ နေ့စားအလုပ်လုပ် ကိုင်သူမှုများမှာ စျေးဆိုင် ဝန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၃၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၉၀) ခန့် လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်း ကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတက်ပညာများ ကျွမ်းကျင်စွာ တက်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့်ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါ ယမ ဦးစီးဌာနတို့ ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧက လျှင် (၁၅၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ

(၁,၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် (အနည်းဆုံး၃နှစ်) ထုတ်ချေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေး နိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ် ချေးသည့် ပုံစံ(၂)မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

ပက်-မြန်မာ၊ ဖူလတန်ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင် အထည်ဖော် ဆောင်ရွက်နေသည်မှာ (၃)နှစ်ခန့် ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးသည့် ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ သို့ရာတွင် ကျပန်း မိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည် ပေးဆပ်သည့် ပုံစံမှာ (နှစ်ပတ်လျှင် တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

### ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

#### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရန်ကုန်-ပုသိမ်ကားလမ်းမှ တလိုင်းစု ကျေးရွာသို့ အဝေးပြေးလမ်းမပေါ်တွင် တည်ရှိပြီး တလိုင်းစုကျေးရွာ၏ သယ်ယူ ပို့ဆောင်ရေးကဏ္ဍတွင် ကုန်လမ်းခရီးကိုသာ အများဆုံး အသုံးပြု နိုင်ပါသည်။ ကားလမ်းနံဘေးကျေးရွာဖြစ်သည့်အတွက် လမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင် ပါသည်။ အသုံးပြုသော ယာဉ်များမှာ စက်ဘီး(၆၅)စီး၊ ထော်လာဂျီ(၈)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီး နှင့် မော်တော်ဆိုင်ကယ် (၄၂)စီး ရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ်ကို ကျေးရွာလူထုမှ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့် အဆင်ပြေစွာ သွားလာနိုင် အောင် ဆောင်ရွက်နိုင်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

#### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာ မီးအလင်းရောင်အတွက် ဖယောင်းတိုင်နှင့် မီးခွက်ကိုသာ သုံးစွဲနေရပြီး၊ ဆိုလာမီးအလင်းကို အိမ်ခြေ (၆၆) အိမ်သာလျှင် ၂၀၁၄-၂၀၁၅ခု၊ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ရန်ပုံငွေ အစီအစဉ်ဖြင့် သုံးစွဲ

နေပါသည်။ ဒီဇယ်အင်ဂျင်ဖြင့် အိမ်ခြေ(၁)နှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ခြေ(၂၄) အိမ်ခြေရှိပြီး လျှပ်စစ်ဓါတ်အားလိုင်းနှင့် မဝေးကွာသောလည်း ကျေးရွာအတွင်း လက်လုပ်လက်စားဆင်းရဲသား များပြားပြီး ကုန်ကျစရိတ်များသောကြောင့် ကျေးရွာအနေဖြင့် လက်တလောတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းအား ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း (၅)နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် ပူးပေါင်း၍ ဆောင်ရွက်လို ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာလူထုမှ လျှပ်စစ်မီးလင်းရေး ကိုသာ စိတ်ဝင်းစာကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

တလိုင်းစုကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၁၀၇)လုံး၊ ရေဒီယို (၃၈)လုံး၊ တီဗွီ (၃၆)လုံး၊ ဂြိုလ်တုစလောင်း (၃၀)လုံး စသည်တို့မှ ရရှိသည့်အပြင် Ooredoo, MPT, Mytel, Telenor ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

**၆။ ပညာရေး**

တလိုင်းစုကျေးရွာရှိတွင်း အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းသား/ သူများ ပညာသင်ကြားနေရပြီး အဆိုပါကျောင်းဆောင်မှာ ၉၀'x ၃၀'x ၁၀'ရှိသော တစ်ထပ်အုတ်ကျောင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်မှု ရှိပါသည်။ ကျောင်းအုပ် ဆရာမကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ ဆရာမ (၅) ဦးရှိပါသည်။ ဆရာ၊ တပည့် အချိုးအားဖြင့် (၄၀)အောက် ဖြစ်ပါသည်။ ကျောင်းတွင် အခန်းများ ခွဲထားပါသည်။ အခြေခံပညာမူလတန်း ကျောင်းတွင် ကျောင်းသူ/သား (၄၂) ဦး ရှိပါသည်။ သောက်သုံးရေကို ကျောင်းဝင်းအတွင်း ရှိ လက်နှိပ်တုံကင်မှ ခပ်ယူသုံးစွဲပါသည်။ (၂) ခန်းတွဲ အိမ်သာ(၂)လုံးကလည်း ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများ လိုအပ်ချက် ရှိပါသည်။

ကျေးရွာမှ (၃) နှစ် အထက် ကလေးများ (၁၈) ယောက်ကို မူလတန်းကျောင်းတွင်ပင် မူကြိုကလေးများအဖြစ် သင်ကြားပေးနေပါသည်။ တတ်နိုင်ပါက မူကြိုကျောင်းတစ်ဆောင် လိုအပ် နေပြီး ဆရာ၊ ဆရာမအတွက် ကုန်ကျစရိတ်ကို မိဘများမှ ကျခံပေးနိုင်ပါသည်။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေ ပါသည်။ သောက်ရေအတွက် အခက်အခဲ ရှိသောကြောင့် ကျောင်းသား၊ ကျောင်းသူများ အတွက် ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တစ်ကန် တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံး သောက်ရေ ဖူလုံနိုင်ပေမည်။ ကျောင်းသား/သူများသည် အင်းမရှိ ကျေးရွာအခြေခံပညာအထက်တန်း

ကျောင်းတွင် သွားရောက် ပညာသင်ကြားနေသော်လည်း အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်း ဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ စာမတတ်သူလူဦးရေမှာ (၇.၆) ရာခိုင်နှုန်းရှိပြီး၊ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၆.၂)ရာခိုင်နှုန်းအထိသာရှိခြင်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၃)ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၇.၈)ရာခိုင်နှုန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၁.၈)ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများအနေဖြင့် အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၂)မိုင်အတွင်း ကွာဝေးသော အင်းမတိုက်နယ် ဆေးရုံတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ အင်းမတိုက်နယ်ဆေးရုံတွင် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို အင်းမကျေးရွာရှိ အင်းမဈေး အတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက်က အင်းမတိုက်နယ်ကျေးရွာရှိ ဆေးဆိုင်တွင် ရနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသ ကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း တစ်ခန်းထား ရှိရန်နှင့် ကျန်းမာရေး ဝန်ထမ်းတစ်ဦးရှိခြင်းဖြင့် ကျေးရွာအတွက်ပါ ကောင်းမွန်သော အကျိုး သက်ရောက်မှု ရှိလာပါမည်။

မြစ်ရေနှင့် လက်နှိပ်တုံကင်စက်တပ် (၁) တွင်း ရှိပြီး သောက်ရေအတွက် လုံလောက်မှု ရှိသော်လည်း ရေအရည်အသွေးမှာ ညံ့ပါသည်။ ကျေးရွာ သောက်သုံးရေ လိုအပ်ချက်ကို ဖြည့်ဆီးရန်အတွက် (၄) လက်မ စက်ရေတွင်း တစ်တွင်းနှင့် အုတ်ရေကန်တစ်ကန် ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တူးဖော်ဆောင်ရွက်ပေးထားပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လုံလောက်မှုရှိပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၉၀)အိမ်ရှိပြီး ကျေးရွာအုပ်စုရှိ ကျေးလက်ဆေးပေးခန်းမှ ဆရာ/ဆရာမများ ကလည်း ရာသီအလိုက် ရောဂါဖြစ်ပွားလေ့ရှိသော အချိန်ကာလတွင် လာရောက် စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးသောကြောင့် အခက်အခဲမရှိပါကြောင်း အသိပညာ တိုးပွားကာ အိမ်တိုင်းစေ့သုံးစွဲကြကြောင်း လေ့လာ

တွေ့ရှိရပါသည်။ကျေးရွာသူ/ သားများအနေဖြင့် လိုအပ်သောအစာအာဟာရနှင့်ကျန်းမာရေး အသိပညာများရှိသောကြောင့် ဆုံးရှုံးလေ့လွင့်မှု မရှိပါ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

တလိုင်းစုကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ် လုပ်စား၊ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများ သည် သဘောဝဘေးနှင့် စားနပ်ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

တလိုင်းစုကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ အနည်းငယ်ရှိပြီး၊ အိမ်ထောင်စုများမှစားသုံးရန် ထမင်း၊ဟင်းများ ချက်ပြုတ်ရန် ထင်းများ ခုတ်ယူ သုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုများ အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ၄က်ဖျားရောဂါဖြစ်ပွား မှုအနည်းငယ်ရှိပါသည်။ တီဘီရောဂါဖြစ်ပွားသည့် လူနာအငယ်နည်း ရှိပါသသည်။ တိရစ္ဆာန်ရောများသည့် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာဂေါနှင့် ကြက်၊ ဝက်၊ တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

**၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ**

တလိုင်းစုကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသား ဦးရေထက် များပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ခန့် ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ခန့် ရရှိကြပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ ဈေးဆိုင် ဝန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၄၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၉၀)စု လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာ အဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

**ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း**

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစား ပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | တလိုင်းစု | အခြေခံအ ဆောက် အဦ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၁ | ကျေးလက် ဦးစီး/ ကျေးရွာ | |
| ၂ | တလိုင်းစု | လျှပ်စစ် | လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း | ၂ | လျှပ်စစ်/ကျေးရွာ | |
| ၃ | တလိုင်းစု | ပညာရေး | ကျောင်းဆောင်တစ် ဆောင်ဆောက်လုပ်ခြင်း | ၃ | ပညာရေးဌာန / ကျေးရွာ | |
| ၄ | တလိုင်းစု | မွေးမြူရေး | မွေးမြူရေးမျိုးကောင်း မျိုးသန့်များတောင်း ခံခြင်း | ၄ | တိ/ကုဌာန/ကျေးရွာ | |
| ၅ | တလိုင်းစု | ကျေးလက် | အတိုးနည်းချေးငွေရရှိ အောင်ဆောင်ရွက်ခြင်း (မြစိမ်းရောင်) | ၅ | ကျေးလက်ဦးစီး / ကျေးရွာ | |

## ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေးအဆင့် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၆ | တလိုင်းစု | သက်/မွေး | အသက်မွေးကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း | ၆ | အသေးစားစက်မှုလက်မှု/ ကျေးရွာ | |
| ၇ | တလိုင်းစု | စိုက်ပျိုးရေး | စပါးမျိုးကောင်းမျိုးသန့်များ ရရှိ အောင် ဆောင်ရွက်ခြင်း | ၇ | စိုက်ပျိုးရေးဦးစီး/ ကျေးရွာ | |
| ၈ | တလိုင်းစု | ပညာရေး | စာသင်ကျောင်းတွင် ရေတုံကင်တူးဖော် ခြင်း | ၈ | ပညာရေးဌာန / ကျေးရွာ | |
| ၉ | တလိုင်းစု | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်း တည်ဆောက် ခြင်း | ၉ | ကျန်းမာရေးဌာန / ကျေးရွာ | |
| ၁၀ | တလိုင်းစု | ကျန်းမာရေး | လူနာတင်ယာဉ်တောင်းခံ ခြင်း | ၁၀ | ကျန်းမာရေး/ကျေးရွာ/ NGO | |

## ကျုံတုံးကလေးကျေးရွာအုပ်စု၊တလိုင်းစုကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းဇော်ဦး | ဦးအေးတင့် | ၁၄/ပတန(နိုင်)၁၁၁၃၈၄ | ၄၄ | ဥက္ကဌ | ၀၉-၇၉၆၀၉၆၁၆၀ |
| ၂ | ဦးအေးမင်းထိုက် | ဦးနန်းညွန့် | ၁၄/ပတန(နိုင်)၁၂၇၇၄၄ | ၃၆ | အဖွဲ့ဝင် | ၀၉-၇၉၈၆၀၄၀၉၉ |
| ၃ | ဦးလှငြိမ်း | ဦးလုံးတင် | ၁၄/ပတန(နိုင်)၁၁၃၁၇၉ | ၅၇ | ဒု-ဘဏ္ဍာရေးမှူး | ၀၉-၇၉၆၀၇၁၅၁၈ |
| ၄ | ဦးမောင်ဦးနိုင် | ဦးစံလှအေး | ၁၄/ပတန(နိုင်)၀၂၅၉၀၈ | ၅၂ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၉၅၇၄၀၇၇ |
| ၅ | ဦးအောင်ချိန် | ဦးတင်အုန်း | ၁၄/ပတန(နိုင်)၀၃၈၇၈၉ | ၅၇ | အဖွဲ့ဝင် | ၀၉-၄၂၂၅၃၆၃၃၆ |
| ၆ | ဦးထွန်းထွန်းဝင်း | ဦးမြစိန် | ၁၄/ပတန(နိုင်)၁၅၁၂၄၆ | ၄၃ | အဖွဲ့ဝင် | ၀၉-၇၉၆၀၇၀၈၆၅ |
| ၇ | ဦးစည်သူထွန်း | ဦးစံတူး | ၁၄/ပတန(နိုင်)၂၁၉၃၈၁ | ၂၃ | အတွင်းရေးမှူး | ၀၉-၇၆၂၃၀၈၂၀၆ |
| ၈ | ဒေါ်စမ်းစမ်းနွယ် | ဦးအေးမြင့် | ၁၄/ပတန(နိုင်)၁၈၄၂၄၃ | ၄၅ | အဖွဲ့ဝင် | ၀၉-၇၉၄၀၁၃၇၈၃ |
| ၉ | ဒေါ်ရင်ကြည် | ဦးစံဟိန်း | ၁၄/ပတန(နိုင်)၀၃၉၄၇၅ | ၄၇ | အဖွဲ့ဝင် | ၀၉-၇၇၃၁၉၅၁၇၄ |
| ၁၀ | ဒေါ်စမ်းစမ်းအေး | ဦးအေးရွှေ | ၁၄/ပတန(နိုင်)၁၈၄၂၅၄ | ၄၇ | အဖွဲ့ဝင် | ၀၉-၇၇၈၃၇၁၄၇၆ |
| ၁၁ | ဒေါ်အေးအေးနွယ် | ဦးအေးမြင့် | ၁၄/ပတန(နိုင်)၁၆၀၉၇၃ | ၃၉ | စာရင်းကိုင် | ၀၉-၇၇၈၃၇၁၄၁၈ |
| ၁၂ | နန့်ဝတ်ရည်လှိုင် | ဦးမိုးဝေ | ၁၄/ပတန(နိုင်)၁၉၅၄၈၈ | ၂၅ | စာရင်းကိုင်-၁ | ၀၉-၇၆၂၉၇၉၇၃၃ |
| ၁၃ | နန့်ကျော့ကျော့စံ | ဦးသိန်းဇော် | ၁၄/ပတန(နိုင်)၂၂၀၆၆၇ | ၂၃ | အဖွဲ့ဝင် | ၀၉-၇၆၅၀၆၆၇၈၀ |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၆ | ၉ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၁၂ | ၂၂ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၁၂ | ၂၉ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၁၇ | ၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၆ | ၁၄၅ | ၃၁၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၂၀ | ၃၄ |
| **စုစုပေါင်း** | | ၂၂၃ | ၂၀၂ | ၄၃၅ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၉၀ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်း နို့စို့အရွယ်မှ အလယ်တန်း အဆင့်ထိ လူဦးရေမှာ ၉၀ ဦးရှိပါသည်။အလုပ်လုပ်နိုင်သော လူဦးရေမှာ ၃၁၁ ဦးခန့်ရှိပြီး သက်ကြီးရွယ်အို ၁၄ ဦးရှိသည့် အတွက် စုစုပေါင်း ၄၃၅ ဦးရှိပါသည်။ မိမိတို့ကျေးရွာအတွင်း အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှလူဦးရေ ၄.၈ ဦးသာရှိပါသဖြင့်

ကျေးလက်လူဦးရေ တိုးပွားမှုနှုန်း အောက် လျော့နည်းနေပါသည်။မိမိတို့ကျေးရွာအတွင်း အလုပ်လုပ်နိုင်သည့် လူဦးရေများသောလည်း အလုပ်အကိုင် အခွင့်အလန်းနည်းပါးပြီး အခြားအရပ်များသို့ သွားရောက်လုပ်ကိုင် ဆောင်ရွက် ရသဖြင့် ကျေးရွာအတွက် လူစွမ်းအားအရင်းအမြစ်များ လျော့နည်းလျက်ရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၁၂၀ | ၅၉ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၄ | ၂၄၅ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၅ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၃ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | 0 | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်း လယ်ယာကိုင်းကျွန်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ ၃၀ အိမ်ထောင်စု ရှိပြီး အလုပ်သမားဦးရေမှာ ၂၀ အိမ်ထောင်စု ရှိပါကြောင်း၊ မိသားစုဝင် လုပ်အားများအနေဖြင့် လုပ်အား ၁၂၄ ဦး လုပ်ကိုင်ဆောင်ရွက်နေကြောင်း ၊ အခြားလုပ်ငန်း များဖြစ်သည့် ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ဝန်ထမ်းများနှင့် ပျံ့ကျလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်သူ ၅၉ အိမ်ထောင်စုရှိပြီး အလုပ်သမားဦးရေ ၂၄၅ ဦး ရှိပါကြောင်း၊ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းအား လုပ်ငန်းဆောင်ရွက် သူအနေဖြင့် အိမ်ထောင်စု ၁ စုအနေဖြင့် မိသားစုအင်အား ၅ ဦးဖြင့် လုပ်ငန်းဆောင်ရွက်နေပြီး အလုပ်သမားဦးရေ ၃ဦးဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ အတွင်း နေထိုင်ကြသော အိမ်ထောင်စု ဝင်များအနေဖြင့် အသက်မွေးဝမ်းကြောင်း သင်တန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးသင်တန်းများ၊ မိသားစုဝင်များအနေဖြင့် ငွေစုငွေချေးပညာပေးသင်တန်းများ

လုပ်ကိုင် ဆောင်ရွက်ပေးခြင်း၏ လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာကာ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလာမည့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၂၅၀၀ | ၁၅၀၀ | ၂၀၀၀ | ၁၅၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၁၅၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၁၅၀၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၅၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၄၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်း အမျိုးသားတစ်ဦးလျှင် လယ်ယာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက် ပါ က ငွေကျပ် - ၅၀၀၀/- ကျပ် ဝန်းကျင်ရရှိမည့်ဖြစ်ပြီး အမျိုးသမီးများ တစ်နေ့လုပ်ပါက တစ်ဦးလျှင် ၃၀၀၀/-ကျပ်နှုန်း ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ ယာဉ်စက်ပြုပြင်ရေး လုပ်ငန်းများ ၊ လက်လီ-လက်ကား ရောင်းဝယ်ရေးများ ကျွမ်းကျင်ပညာရှင်များ သွားရောက် လုပ်ကိုင်ပါက ပိုမိုလုပ်ခလစာများ ရရှိပြီး အမျိုးသားများ၊ အမျိုးသမီးများအနေဖြင့် စီးပွားရေး လုပ်ငန်းများ ပိုမိုအဆင်ပြေမည့် ဖြစ်ပါသည်။ အမျိုးသားတစ်ဦးလျှင် လုပ်အားခအနေဖြင့် ပျမ်းမျှအနေဖြင့် တစ်နေ့လျှင် ၄၅၀၀/-ဝန်းကျင်ခန့်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် ပျမ်းမျှ ၃၀၀၀/- ကျပ်နှုန်း ရရှိမည့် ဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုအားပြုသော ပညာရပ်များအား လာရောက်သင်ကြားပေးပါက တစ်ပိုင်တစ်နိုင် လုပ်ငန်း များအား ပိုမိုဖွံ့ဖြိုးလာကာ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပိုမိုလုပ်ကိုင် ဆောင်ရွက်လာမည့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၀၇.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၂.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၂၁၀ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်း လယ်မြေ ဧက(၂၁၀) ဧကရှိပြီး လယ်သမားမိသားစုများ နည်းပါးကာ လယ်ယာပိုင်ဆိုင်သူများသာ ရှိပါသည်။ကျေးရွာရှိ လယ်ယာမြေများပေါ်တွင် စပါး၊ငရုပ်၊ကွမ်းနှင့် မတ်ပဲသီးနှံများ စိုက်ပျိုးကြပြီး မြေဆီလွှာ အရေအသွေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မိမိတို့ကျေးရွာအတွင်း မြစ်ချောင်းကမ်းပါးများနှင့် ဝေးကွာသည့်အတွက် စိုက်ပျိုးရေးအလုပ် အသုံးပြုသည့် ရေများကို အဝီစီတွင်း တုံကင်များမှတစ်ဆင့် စိုက်ပျိုးကြရပြီး မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တူးဖော်ပေးထားသော ဆည်မြောင်းသည့် မိုးရေကိုသာ အဓိကသိုလှောင်နိုင်ပြီး နွေရာသီတွင် နှစ်စဉ်စိုက်ပျိုးရေးကို အနည်းငယ် အခက်အခဲရှိပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။မိမိတို့ ကျေးရွာအတွင်း သဘာဝအရင်းအမြစ်များမှာ သဲအနည်းငယ်သာ ထွက်ရှိသည်။ သဘာဝ အပင်မျိုးစိတ်များ အနည်းငယ်ဖြင့်သော ဖုန်းမသိမ်၊သလင်းကြီး၊ ဆနွင်း၊ ခွေးတောက်၊ ပျဉ်းနော်သိမ် တို့သာ ထွက်ရှိပြီး အနည်းငယ်သာ အသုံးပြုနိုင်ပါသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များမှာ ကျေးရွာ အတွင်းတွင် အနည်းငယ်သာ ရှိပါသည်။ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်သင်တန်းများ ၊ မျိုးကောင်း မျိုးသန့်များ ရွေးချယ်ဝယ်ယူပြီး လုပ်ကိုင် ဆောင်ရွက်နိုင်ပါက အိမ်ထောင်စုဝင်များအနေဖြင့် မိသားစုဝင်ငွေတိုး ပွားကာ ကျေးရွာအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင် စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၂၈ | ၃၆ | ၁၄ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်း ဥစ္စာဓနအဆင့်အတန်း အခြေအနေမှ မြေယာပိုင်ဆိုင်မှုများ ၂၆ဧကမှ ၁၅ဧကအထိ၊၁၅ဧကမှ ၇ဧကအထိ၊၇ဧကမှ ၂ ဧက အထိ၊ ၂ဧကမှ ၀ဧကအထိ ရှိပါသည်။ ကျေးရွာအတွင်း တိုက်အိမ်၊ သွပ်မိုး၊ ပျဉ်ထောင်၊ သွပ်မိုး/ ပျဉ်ထောင်/ဝါးထရံကာ/၊ ဝါးဓနိ/ထရံကာတို့ ပိုင်ဆိုင်ကြပါသည်။ ကျေးရွာရှိ ကုန်ထုတ်လုပ်ငန်းနှင့် သတ်ဆိုင်သော ပိုင်ဆိုင်မှုများ အနေဖြင့် ထွန်စက်၊ခြွေလှေ့၊ ထော်လဂျီ၊ လက်တွန်းစက်၊ ရေစုပ်စက်၊ မြက်ရိတ်စက်၊ရေတင်စက်၊ပေါက်တူး၊ငန်းပြားနှင့် ခါးမတို့ ပိုင်ဆိုင်ကြောင်းလေ့လာ တွေ့ရှိရပါသည်။ အဓိက စီးပွားရေးလုပ်ငန်းများမှာ လယ်လုပ်ကွက်များ၊ လယ်လုပ်ကွက် အသင့်အတင့်၊ လယ်လုပ်ကွက်အနည်းနှင့် လယ်လုပ်ကွက်မရှိ လုပ်အားသာရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။ အိမ်ထောင်စုများအနေဖြင့် (A)အဆင့်၊(B)အဆင့်၊(C)အဆင့်နှင့် (D)အဆင့် အဖြစ် သတ်မှတ် ကောက်ခံပြုစု ဆောင်ရွက်ကောက်ခံထားပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၉၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၂၀<br>ချေးယူ = ၄၀<br>လုပ်အားခကြိုယူ = ၃၀ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | အစာလျှော့စား =၁<br>အထောက်အပံ့ယူ =၁<br>ချေးယူ =၁<br>လုပ်အားခကြိုယူ =၁ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။မိမိကျေးရွာအတွင်း ဝမ်းစာဖူလုံမှု အခြေအနေမှာ အိမ်ထောင်စု (၉၁)ဦးအနေဖြင့် ဝမ်းစာဖူလုံမှုအခြေအနေမှာ အခက်အခဲမရှိပါ။ ကျေးရွာအတွင်း အိမ်ထောင်စု များအနေဖြင့် မိုးတွင်းကာလ တွင်းသာ ဝမ်းစာဖူလုံမှု အားနည်းနေပြီး ဆွေမျိုးသားချင်းများ၊ညီအကို မောင်နှမများ ထံမှ အထောက်အပံယူခြင်း၊ ပြင်ပချေးငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း ၊ ပြင်ပမှ အတိုးနည်းချေးငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း၊ လုပ်အားခများ ကြိုတင် ထုတ်ယူခြင်းနှင့် ဝမ်းစာမဖူလုံသော အိမ်ထောင်စုအနည်းငယ်သာ ဖြေရှင်း ဆောင်ရွက်လျက် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၁ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၇ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁ | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်း မိသားစု စောက်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက် မိသားစု၊ရပ်ရွာ၏ စောက်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မရှိပါ။ ဆင်းရဲသော မိသားစု

ဦးရေများပြားသော အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများမှာ ၇ အိမ်ထောင်စုရှိပြီး ဆင်းရဲ၍ မိသားစု ဦးရေများသည့် မုဆိုးဖို ၊ တစ်ခုလပ် ဦးရေအိမ်ထောင်စုမှာ ၂ အိမ်ထောင်စုသာ ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၇ | လျှပ်စီး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| | | ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက် ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်တက်သော အခြေအနေများအနေဖြင့် မိုးခေါင်ခြင်း ၊ အအေးလွန်ကဲခြင်း ၊ မုန်တိုင်းတိုက်ခိုက်ခြင်း ၊ လျှောင် လှုပ်ခတ်ခြင်း၊ ဓါတုမြေဩဇာများ အသုံးပြုမှု များပြားသောကြောင့် မြေဆီလွှာ ပျက်ဆီးမှု အနည်းငယ်ရှိပါသည်။ သစ်တောများ ပြုန်းတီးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါများ အနေဖြင့် အနည်းငယ်များအနေဖြင့် ရှိပါသည်။ အခြားသော သဘာဝဘေးအန္တရာယ်များအနေဖြင့်တော့ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | | နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ ကျေးရွာအတွင်း ထိခိုက်သက်ရောက်မှု အခြေအနေမှာ လူငယ်အဖွဲ့အစည်းများ၊အမျိုးသမီးများနှင့် ကလေးသူငယ်များ အနည်းငယ်သာ ရှိပါ သည်။ သဘာဝဘေးအန္တရာယ်၊ မြစ်ကမ်းဘေး နေထိုင်သူ၊မတော်တဆဖြစ်နိုင်သောနေရာတွင် နေထိုင် သူ၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ၊ မြေနိမ့်ပိုင်း နေထိုင်သူများ၊ ငါးကန်ပိုင်ရှင်များ၊ လူနည်းစုများ၊ နယ်စပ်ဒေသတွင် နေထိုင်သူများ၊ ဆေးစွဲသူများ၊ ရွှေ့ပြောင်း လုပ်သားများ မရှိပဲ မုန်တိုင်း၊ရေဘေး၊အအေးချိန်လွန်ကဲခြင်း၊လက်လုပ်လက်စား နှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူ များအနေဖြင့် အနည်းငယ်ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများအဖြစ် ရှိနေပါကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

